ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၂၆)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၂၆)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၄)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၏ (၈၅.၅၈) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ (၂၆)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးဝင်းမောင်၊ မန္တလေး(၂)၊ ဆေးစစ်ရန်။ ဦးအေး၊ မန္တလေး(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှိုင်ဦး၊ ဧရာဝတီ(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးထွန်းဇော်(ခ)ကိုပေါက်၊ ပဲခူး(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ ဥပဒေကြမ်းပူးပေါင်းအစည်းအဝေး။ ဦးစိုးဝင်း၊ ဧရာဝတီ(၂)၊ ကျန်းမာရေး။ ဦးလှသိန်း၊ မကွေး(၃)၊ ကျန်းမာရေး။ ဦးနိုင်ထွန်းအုံ၊ မွန်(၅)၊ ကျန်းမာရေး။ ဦးစိုင်းသန့်ဇင်၊ ရှမ်း(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစတီဗင်သာဘိတ်၊ ချင်း(၄)၊ ကျန်းမာရေး။ ဒုတိယဗိုလ်မှူးကြီးရဲနိုင်ဦး၊ တပ်မတော်၊ ဥပဒေကြမ်းပူးပေါင်း ကော်မတီ အစည်းအဝေးတို့ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို တက်ရောက်ခွင့်

ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၉)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၁)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ကယားပြည်နယ်အတွင်းရှိ ကတ္တရာလမ်းအဆင့် ဆောင်ရွက်ပြီးသော ပြည်ထောင်စုလမ်းမကြီးအား ပြည်သူများ ရေရှည်ပုံမှန် ခရီးသွားလာနိုင်ရေး၊ မြို့နယ်ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်စည်စီးဆင်းမှုချောမွေ့စေရေး စသည်တို့အတွက် လမ်းများပြုပြင်ထိန်းသိမ်းခြင်း၊ လမ်းတံတားဖြတ်သန်းခနှင့် တန်ပိုတင်ဆောင်ခ ကောက်ခံခြင်းတို့အား မည်သို့စီမံ ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ယခု ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးနှင်းဝေ က ကယားပြည်နယ် အတွင်းရှိ ကတ္တရာလမ်းအဆင့် ဆောင်ရွက် ပြီးသော ပြည်ထောင်စုလမ်းမကြီးအား ပြည်သူများ ရေရှည် ပုံမှန်ခရီးသွားလာနိုင်ရေး၊ မြို့နယ်ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်စည်စီးဆင်းမှု ချောမွေ့စေရေး စသည်တို့အတွက် လမ်းများ ပြုပြင်ထိန်းသိမ်းခြင်း၊ လမ်းတံတားဖြတ်သန်းခနှင့် တန်ပိုတင်ဆောင်ခ ကောက်ခံခြင်းတို့အား မည်သို့စီမံ ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးနှင်းဝေ၊ ကယားပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မင်္ဂလာပါလို့ ဂါရဝပြုအပ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ကယားပြည်နယ်အတွင်းမှာ လွိုင်ကော်-မော်ချီး-တောင်ငူလမ်းပိုင်း၊ ဖားဆောင်း-မယ်ဆည်နန်-နမ့်မန်းလမ်းပိုင်း၊ တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်-ဟိုပုံးလမ်းပိုင်းဆိုပြီးတော့မှ လမ်းပိုင်း (၃)ပိုင်းရှိပါတယ်။ မော်ချီး-တောင်ငူလမ်းပိုင်းနှင့် တောင်ငူ-လိပ်သို-ယာဒိုလမ်းပိုင်းမှာ ဆောင်ရွက်ဆဲ အနေအထားဖြစ်ပြီး နှစ်စဉ်ဘတ်ဂျက် လျာထားငွေလည်းပါရှိပါတယ်။ ကျွန်တော်တို့ပြည်နယ်အတွင်း မှာရှိတဲ့ ပြည်ထောင်စုလမ်းမကြီးများကို ၂၀၁၄-၂၀၁၅မှာ သံလွင်တံတားအပါအဝင် ကတ္တရာလမ်း (၁၂)ပေ အကျယ်နဲ့ ဆောင်ရွက်ပြီးစီးပြီဖြစ်လို့ ပြည်သူများ စိတ်ချမ်းသာစွာ သွားလာနိုင်ပြီဖြစ်ပါတယ်။ ဒါပေမဲ့ ဒီလမ်းများကို ရေရှည် ပုံမှန်ခရီးသွားလာနိုင်ရေး၊ မြို့နယ်ကျေးရွာများ ဖွံ့ဖြိုးတိုးတက်လာရေးနဲ့ ကုန်တင်ယာဉ်များ ကူးသန်းသွားလာရာမှာ လျင်မြန်ချောမွေ့စေရေးအတွက် နှစ်စဉ်လမ်းပြုပြင် ထိန်းသိမ်းခြင်းနှင့်လမ်းအဆင့်မြှင့်တင်ခြင်းများကို ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

ဒါကြောင့် ယခုဆောင်ရွက်ပြီးသော လမ်းများကိုပျက်စီးမှုနည်းပါးအောင် ကြီးကြပ်ဆောင်ရွက်ပေးနိုင်ဖို့လိုအပ်မှာဖြစ်ပါတယ်။ ထိုသို့ထိန်းသိမ်းပေးမှုမရှိလျှင် ရေရှည်အကျိုးမပြုနိုင်ဘဲ နှစ်အနည်းငယ်အတွင်းမှာ ပြန်လည်ပျက်စီးသွားနိုင်ပါတယ်။ ယခုဆိုလျှင် လမ်းကောင်းလို့ ကုန်တင်ယာဉ်ကြီးများ၊ သစ်လုံးကားကြီးများ ဖြတ်သန်းသွားလာမှုကြောင့် အချို့သောနေရာများမှာ လမ်းသားပြန်လည်နိမ့်ကျပျက်စီးနေတာကို တွေ့မြင်ရပါတယ်။ ဒါကြောင့် နိုင်ငံတော်မှစီးပွားရေးနဲ့ လူမှုဖွံ့ဖြိုးရေးအတွက် အရင်းခံဆောင်ရွက်ပေးထားသော လမ်းဖြစ်တာကြောင့် ပြည်သူ့အကျိုး ဖြစ်ထွန်းစေရေးအတွက် ယာဉ်များဖြတ်သန်းသွားလာမှုအတွက် လမ်းတံတားဖြတ်သန်းခကောက်ခံခြင်း၊ တန်ပိုတင်ဆောင်ခ ကောက်ခံခြင်းများ ကြီးကြပ်ဆောင်ရွက်ပေးသင့်ပါတယ်။ ဒါမှ နိုင်ငံတော်အခွန်ဘဏ္ဍာများ မဆုံးရှုံးစေဘဲ ပြန်လည်ဖြည့်တင်းနိုင်မှာ ဖြစ်ပါတယ်။ ထို့အပြင်လမ်း အဆင့်မြှင့်တင်ခြင်းများကိုလည်း ကြီးကြပ်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ လမ်းအဆင့်မြှင့်တင်ခြင်းမှာ (၂) လမ်းသွားကတ္တရာအဆင့် ဆောင်ရွက်ခြင်း၊ ကျောက်စီရေနုတ်မြောင်းများ ဆောင်ရွက်ခြင်း၊ မြေထိန်းနံရံများ တည်ဆောက်ခြင်း စသည်တို့ကိုလည်း နှစ်အလိုက်အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ကယားပြည်နယ် အတွင်းရှိ ကတ္တရာအဆင့် ဆောင်ရွက်ပြီးသော ပြည်ထောင်စုလမ်းမကြီးများအား ပြည်သူများ ရေရှည်ပုံမှန်ခရီးသွားလာနိုင်ရေး၊ မြို့နယ်ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်စည်စီးဆင်းမှု ချောမွေ့စေရေးအတွက် လမ်းများပြုပြင်ထိန်းသိမ်းခြင်း၊ လမ်းအဆင့်မြှင့်တင်ခြင်း၊ ယာဉ်များလမ်းတံတား ဖြတ်သန်းခနှင့် တန်ပိုတင်ဆောင်ခ ကောက်ခံခြင်းများအား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ မည်သို့ စီမံ ဆောင်ရွက်ထားသည်ကို သိရှိလို၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား လေးစားစွာ မေးမြန်းတင်ပြ အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးကဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၀။**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြား ထားတဲ့ ဧည့်သည်တော်များအားလုံး သုခမင်္ဂလာ အဖြာဖြာနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးတင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကယားပြည်နယ်၊ အမှတ်(၁၂)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးနှင်းဝေ မှ မေးမြန်းထားတဲ့ ကယားပြည်နယ် အတွင်းမှာ ရှိတဲ့ ကတ္တရာလမ်းအဆင့် ဆောင်ရွက်ပြီးသော ပြည်ထောင်စုလမ်းမကြီးကို ပြည်သူများ ရေရှည်ပုံမှန်ခရီး သွားလာနိုင်ရေး၊ မြို့နယ်ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်စည်စီးဆင်းမှု ချောမွေ့စေရေးတို့ အတွက် လမ်းများပြုပြင်ထိန်းသိမ်းခြင်းတို့နဲ့ ပတ်သက်တဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အားလမ်းများနဲ့ပတ်သက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး များ ပိုမိုရှင်းလင်းစွာ မြင်တွေ့သိရှိနိုင်ရန်အတွက် Power Point ဖြင့်ရှင်းလင်းတင်ပြခွင့် ပြုပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ဒါ ပြည်ထောင်စုလမ်းအမှတ် (၁)ဖြစ်တဲ့ တောင်ငူ-လိပ်သို- ယာဒို -လွိုင်ကော်လမ်းဖြစ်ပါတယ်။ ဒီလမ်းဟာမိုင်တိုင် ကျွန်တော်တို့ ကယားပြည်နယ်အပိုင်းမှာ ၉၉/၅ကနေပြီးတော့ ကျွန်တော်တို့ စတင်တဲ့ဟာ ၁၄၇/၄ အထိ အားလုံးပေါင်း (၄၇)မိုင် (၇)ဖာလုံ ရှိတဲ့ ဒီလမ်းဖြစ်ပါတယ်။ ဒုတိယလမ်းကတော့ ကျွန်တော်တို့ တောင်ငူ-မော်ချီး-လွိုင်ကော်လမ်းဖြစ်ပါတယ်။ ဒီလမ်းဖြစ်ပါတယ်။ ဒီလမ်းကတော့ကျွန်တော်တို့ မိုင်တိုင်၇၁/၀ကနေပြီးတော့ ၁၈၃/၄ ထိ ဒီပွိုင့်အထိ ဖြစ်ပါတယ်။ အားလုံးပေါင်း (၁၁၂)မိုင်နဲ့ (၄)ဖာလုံဖြစ်ပါတယ်။ ဒီလမ်း(၂)လမ်းကတော့ ဒါကျွန်တော်တို့ ဆောက်လုပ်ရေး ဝန်ကြီးဌာနက စီမံခန့်ခွဲတဲ့ လမ်းဖြစ်ပါတယ်။

နောက်တစ်လမ်းကတော့ ကျွန်တော်တို့ ဖားဆောင်း-မယ်ဆည်နန်-မယ်စဲ့-နန့်မန်းလမ်း ဒီအနီ ရောင်နဲ့ပြထားတဲ့ လမ်းဖြစ်ပါတယ်။ ဒီလမ်းကတော့ကျွန်တော်တို့ ဒီနေရာ ၀/၀ ကစပြီးတော့ ဒီအထိ ကျွန်တော်တို့ မိုင်(၄၀)ရှိတဲ့ လမ်းဖြစ်ပါတယ်။ ဒီလမ်းကိုတော့ ပြည်နယ်အစိုးရ စီမံခန့်ခွဲတဲ့လမ်းအဖြစ် ကျွန်တော်တို့ တာဝန်ပေးထားတာဖြစ်ပါတယ်။ ဒီမှာလည်းပဲ ကျွန်တော်တို့ ပိုမိုရှင်းလင်းအောင် တင်ပြ ရရင် ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ကျွန်တော်တို့ အစိုးရသစ်စတက်လာ ကတည်းက လမ်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပိုင်တဲ့လမ်းများကိုပဲ ကျွန်တော်တို့က တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေကို စီမံခန့်ခွဲမှုပေးခဲ့တာဖြစ်ပါတယ်။ အဲဒီတော့ တဖြည်းဖြည်း တဖြည်းဖြည်း ကျွန်တော်တို့ဒါ ၂၀၁၂-၁၃ ကစပြီး ပေးလာတာအခုနောက်ဆုံး ၂၀၁၅-၁၆ နှစ်အထိမှာ ဆိုရင် ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ကစီမံခန့်ခွဲတဲ့ လမ်းဟာ(၄၀) ရာခိုင်နှုန်းပဲရှိပါတော့တယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို ကျွန်တော်တို့ (၆၀) ရာခိုင်နှုန်းအထိ တိုးမြှင့်ပြီးတော့ စီမံခန့်ခွဲမှုကို ပေးထားတာဖြစ်ပါကြောင်းတင်ပြအပ်ပါတယ်။

ဒီတော့ကျွန်တော်တို့ ကယားပြည်နယ် အတွင်းမှာရှိတဲ့ ကတ္တရာလမ်းအဆင့် ဆောင်ရွက်ပြီးတဲ့ ပြည်ထောင်စုလမ်းမကြီး တွေကိုပြည်သူတွေ ရေရှည်ပုံမှန်ခရီးသွားလာနိုင်ရေးအတွက် ကျွန်တော်တို့

စီမံဆောင်ရွက်တဲ့ နေရာမှာ လမ်းများကိုအထူးသဖြင့် ပြုပြင်ထိန်းသိမ်းဖို့ဒါအထူး လိုအပ်တယ်ဆိုတာ ကျွန်တော်တို့ သဘောပေါက်ပါတယ်။ ဒါကြောင့်မို့ ဒီလုပ်ငန်းများကို ကျွန်တော်တို့က သက်ဆိုင်ရာ ပြည်နယ်၊ ကယားပြည်နယ် အတွင်းမှာရှိတဲ့ ခရိုင်များ၊ မြို့နယ်များကို ကျွန်တော်တို့ တာဝန်ပေးပြီးတော့ ဒါတွေကို ထပ်မံပြီးတော့ ပြင်ဆင်ထိန်းသိမ်းရင်း လမ်းတိုးချဲ့ခြင်းဆိုတဲ့ ကိစ္စရပ်တွေကို ဆောင်ရွက်စေပါ တယ်။ ဒီလိုဆောင်ရွက်တဲ့ အခါမှာ ကယားပြည်နယ်အတွင်းမှာရှိတဲ့ တာဝန်ပေးထားတဲ့ အင်ဂျင်နီယာ တွေနဲ့ ဆောင်ရွက်နိုင်စွမ်း မရှိခဲ့ရင်လည်း ရုံးချုပ်ကနေပြီးတော့ လမ်းအထူးအဖွဲ့၊ တံတားအထူးအဖွဲ့တွေ စေလွှတ်ပြီးတော့ ဆောင်ရွက်စေတာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြီးခဲ့တဲ့ ၂၀၁၅-၁၆ ဘဏ္ဍာရေးနှစ်မှာ တော့ ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေနဲ့ ပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေ(၂)ရပ်ပေါင်းတဲ့ ကျွန်တော်တို့ဟာ နံပါတ် (၁) လမ်းဖြစ်တဲ့ တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်-ဟိုပုံးလမ်းအပိုင်းမှာ ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း (၉)မိုင်၊ ကတ္တရာ ရေပိတ်လွှာလောင်းခြင်း (၂)မိုင်၊ (၃)ဖာလုံ၊ (၁၈)ပေအကျယ်ကတ္တရာခင်းခြင်း (၁၀)မိုင်၊ (၂)ဖာလုံ၊ မြေသားတာဘောင်ချဲ့ခြင်း (၃)မိုင်၊ ၂၈ ပေအကျယ် သံကူကွန်ကရစ်တံတားအကျယ်ချဲ့ခြင်း (၁)စင်းစတဲ့ လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာမှာ အခုအချိန်မှာ ရာခိုင်နှုန်းပြည့် ပြီးစီးနေတာကို တင်ပြအပ်ပါတယ်။

ဒုတိယလမ်းဖြစ်တဲ့ တောင်ငူ- မော်ချီး-လွိုင်ကော်လမ်းမှာတော့ ကတ္တရာခင်းခြင်း (၉)မိုင်နဲ့ (၃)ဖာလုံ၊ (၁၈)ပေအကျယ်ကတ္တရာလမ်းချဲ့ခြင်းမိုင် (၂၀)၊ ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း (၅)မိုင် (၇)ဖာလုံ၊ လမ်းအနိမ့်အမြင့်ညှိခြင်း (၉)မိုင်၊ မြေသားတာပေါင်ချဲ့ခြင်း (၁)မိုင်၊ (၂)ဖာလုံ၊ ကတ္တရာ ရေပိတ်လွှာ လောင်းခြင်း (၁)မိုင် (၁)ဖာလုံ၊ ကျောက်တောင်မိုင်းခွဲလမ်းချဲ့ခြင်း (၂)ဖာလုံ၊ ယာဉ်အကာအကွယ်တန်း (guard Rail) တပ်ဆင်ခြင်း (၆၄၂၉)ပေ၊ တံတားနဲ့ရေပြွန်တည်ဆောက်ခြင်း(၂၉)စင်း၊ မြေထိန်းနံရံ တည်ဆောက်ခြင်း(၃)ခု၊ (၂၈)ပေအကျယ် သံကူကွန်ကရစ်တံတားချဲ့ခြင်း (၁)စင်းစတဲ့ လုပ်ငန်းများကို ကျွန်တော်တို့ ဒီနှစ်အတွင်းမှာ ဆောင်ရွက်ခဲ့တာ အခုချိန် အထိ (၆၇) ရာခိုင်နှုန်း ပြီးစီးပြီ ဖြစ်ပါတယ်။ ဒီလုပ်ငန်းများဟာလည်း ဘဏ္ဍာရေးနှစ်အတွင်းမှာ ပြီးစီးရမှာ ဖြစ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်းမှာ ဒီလုပ်ငန်းများအားလုံးကို ပြီးစီးအောင် ဆောင်ရွက်မည် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နံပါတ်(၃)လမ်းဖြစ်တဲ့ ဖားဆောင်း-မယ်ဆည်နန်-မယ်စဲ့-နန့်မန်းလမ်း မှာတော့ (၁၈)ပေအကျယ်ကတ္တရာလမ်းချဲ့ခြင်း (၂.၅)ဖာလုံ၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း (၂)ဖာလုံ၊ လမ်း အနိမ့်အမြင့်ညှိခြင်း (၅)ဖာလုံ၊ Box Culvert တည်ဆောက်ခြင်း (၅)စင်းနဲ့ မြေထိန်းနံရံတည်ဆောက်ခြင်း (၁)ခု စတဲ့လုပ်ငန်းများကို ပြီးခဲ့တဲ့ ဘဏ္ဍာရေးနှစ် မှာဆောင်ရွက်ခဲ့ရာမှာ ယခု အချိန်မှာ (၉၉) ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း တင်ပြအပ်ပါတယ်။


ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာလည်း ကျွန်တော်တို့လုပ်ငန်းများ ဆောင်ရွက်ဖို့ ရန်ပုံငွေ တင်ပြတောင်းခံထားပြီး ဖြစ်ပါတယ်။ အဲဒီလုပ်ငန်းများကတော့ အမှတ် (၁)လမ်း ဖြစ်တဲ့ တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်- ဟိုပုံးလမ်းမှာ ကတ္တရာထပ်ပိုးလွှာခင်းခြင်း (၂)မိုင် (၃.၅) ဖာလုံ၊ (၁၈)ပေအကျယ်ကတ္တရာလမ်းချဲ့ခြင်း (၄)မိုင်(၁)ဖာလုံ၊ (၂၄)ပေအကျယ်ကတ္တရာလမ်းချဲ့ခြင်း (၅)မိုင်၊ ကျောက်စီရေမြောင်း တည်ဆောက်ခြင်း (၃)မိုင် (၇)ဖာလုံ၊ တံတားနဲ့ ရေပြွန်တည်ဆောက်ခြင်း (၇၃)စင်း၊ မြေထိန်းနံရံတည်ဆောက်ခြင်း (၁)ခုတို့ကို ဆောင်ရွက်မှာဖြစ်ပါတယ်။ ထို့အတူပဲ တောင်ငူ-

မော်ချီး-လွိုင်ကော်လမ်းမှာတော့ (၁၈)ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်း (၈)မိုင်(၂.၅)ဖာလုံ၊ (၂၄)ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်း (၁)မိုင် (၇)ဖာလုံ၊ ကျောက်စီမြေထိန်းနံရံတည်ဆောက်ခြင်း(၂၁)ခု၊ တံတားနဲ့ ရေပြွန်တည်ဆောက်ခြင်း(၉၃)စင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း (၂)မိုင်၊ လမ်းအနိမ့်အမြင့်ညှိ၍ ကတ္တရာရေပိတ်လွှာလောင်းခြင်း (၂)မိုင် (၄)ဖာလုံ၊ ယာဉ်အကာအကွယ်တန်း(guard Rail) တပ်ဆင်ခြင်း (၂၅၃၀)ပေစတဲ့ လုပ်ငန်းများကို ကျွန်တော်တို့ ဆောင်ရွက်မှာ ဖြစ်ပါတယ်။

နံပါတ်(၃)လမ်းဖြစ်တဲ့ ဖားဆောင်း-မယ်ဆည်နန်-မယ်စဲ့-နန့်မန်းလမ်းမှာတော့(၁၈)ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်း (၂၃)မိုင်၊ တံတားနဲ့ ရေပြွန်တည်ဆောက်ခြင်း (၆)စင်း စတဲ့လုပ်ငန်းများကို ပြည်ထောင်စု/ပြည်နယ် ရန်ပုံငွေများ လျာထားတင်ပြတောင်းခံထားပြီးတော့ ရန်ပုံငွေရရှိမှု အပေါ်မူတည်ပြီး လမ်းအဆင့်မြှင့်တင်ခြင်းနဲ့ ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အနေဖြင့် ပြည်သူများရဲ့ စီးပွားရေးနဲ့ လူမှုရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကဆောင်ရွက်ပေးထားတဲ့ လမ်းများဖြစ်တာကြောင့် ပြည်သူ့ အကျိုးဖြစ်ထွန်းစေရန် ယာဉ်များဖြတ်သန်းသွားလာမှုအား လမ်းတံတားဖြတ်သန်းခကောက်ခံခြင်း၊ တန်ပိုစည်းကမ်းထိန်းသိမ်းခြင်း၊ တန်ပိုတင်ဆောင်ခ ကောက်ခံခြင်းလုပ်ငန်းများကို သတ်မှတ်စည်းကမ်း ချက်များနဲ့ အညီ ဆောင်ရွက်လျက်ရှိပါတယ်။အောင်ပန်း-ပင်လောင်း-မိုးဗြဲ-လွိုင်ကော်လမ်း မိုင်၈၉/၀-၈၉/၁ ကြားမှာရှိတဲ့ (လင်ဖုံလေး)ဆိုတဲ့စခန်းမှာတန်ပို စည်းကမ်းထိန်းသိမ်းရေး ဂိတ်ဖွင့်ပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အတူပဲ ဆက်လက်ပြီးတော့ တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်လမ်းနဲ့ တောင်ငူ-မော်ချီး-လွိုင်ကော်လမ်းတို့အတွက်ကိုတော့ ကျွန်တော်တို့ လမ်းဆုံဖြစ်သော ဒီမောဆိုးမြို့နယ် အတွင်းမှာ လမ်း တံတားကောက်ခံရေးစခန်းတစ်ခု ဖွင့်လှစ်ပြီးတော့ကျွန်တော်တို့ ဆောင်ရွက်ဖို့ စီစဉ်ထားပါတယ်။ ဖားဆောင်း-မယ်ဆည်နန်-မယ်စဲ့-နန့်မန်းလမ်းအတွက်က သံလွင်တံတား(ဖားဆောင်း)အနီးမှာ ကျွန်တော်တို့ စခန်းဖွင့်ပြီးတော့ လမ်းတံတား ဖြတ်သန်းခနဲ့ တန်ပို စည်းကမ်းထိန်းသိမ်းရေးဂိတ်များ ဖွင့်လှစ်နိုင်ရေးအတွက် ကယားပြည်နယ်အစိုးရနဲ့ ညှိနှိုင်းဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်-ဟိုပုံးလမ်း၊ တောင်ငူ-မော်ချီး- လွိုင်ကော်လမ်း နှင့် ဖားဆောင်း-မယ်ဆည်နန်-မယ်စဲ့-နန့်မန်းလမ်း လမ်းကြောင်းပြမြေပုံ (၄)




**အင်ဂျင်နီယာမိခင် သမိုင်းဝင် အင်းစိန် G.T.I ပြန်လည် အသက်ဝင် ရှင်သန်ရေး၊ နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဖြေကြားချက်အပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနု က အင်ဂျင်နီယာမိခင် သမိုင်းဝင် အင်းစိန် G.T.I ပြန်လည် အသက်ဝင် ရှင်သန်ရေး၊ နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ၏ ဖြေကြားချက်အပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးနု၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးနဲ့တကွ ဧည့်သည်တော်များအားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ဦးစွာ ဆုတောင်းမေတ္တာ ဆက်သပို့သရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး

မဲဆန္ဒနယ်အမှတ် (၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနု ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အင်ဂျင်နီယာမိခင် သမိုင်းဝင် အင်းစိန် G.T.I ပြန်လည်အသက်ဝင် ရှင်သန်ရေး၊ နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးနိုင်မယ့် အစီအစဉ် မေးမြန်းဖြေကြားချက် အပေါ်မှာ ဆောင်ရွက်ပြီးစီးမှု အခြေအနေကို သိလို၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် အမျိုးသား လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ကြယ်ပွင့်ပြမေးခွန်းနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း ခဲ့တဲ့နေရာမှာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ က ဖြေကြားခဲ့တဲ့နေရာမှာ အစိုးရစက်မှု လက်မှုသိပ္ပံ အင်းစိန်ဟာ ၁၈၉၅ ခုနှစ်ကစတင်ပြီးတော့ အင်ဂျင်နီယာအတတ် ပညာကျောင်းဖြင့် ဖွင့်လှစ် ခဲ့ပါကြောင်း၊ စက်မှုနဲ့သက်မွေးပညာကဏ္ဍ ကိုလိုနီခေတ်၊ ဒုတိယကမ္ဘာစစ်အထိ တစ်ခုတည်းသော သင်တန်းကျောင်းဖြစ်ပါကြောင်း၊ ၁၉၅၄ ခုနှစ်မှာ စက်မှုလက်မှု သိပ္ပံအဆင့်ကို ပြင်ဆင်ဖွဲ့စည်းခဲ့ပါ ကြောင်း၊ ၁၉၉၆ ခုနှစ်မှာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန လက်အောက်သို့ လွှဲပြောင်းပေးခဲ့ပါကြောင်း၊ ၁၉၉၈ ခုနှစ်မှာ အကြောင်းအမျိုးမျိုးကြောင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက ရန်ကုန်မြို့တော် စည်ပင် သာယာရေးကော်မတီသို့ လွှဲပြောင်းပေးခဲ့ပါကြောင်း၊ ကျောင်းဝင်းမြေမှာ (၄၁.၉၉၇)ဧက မူလပိုင်သည့် အတိုင်းတည်ရှိနေပြီး အဆောက်အအုံဟောင်း(၅၅)လုံးကို ရန်ကုန်မြို့တော်စည်ပင်က ထိန်းသိမ်းလျက် ရှိပါကြောင်း၊ အင်ဂျင်နီယာလောက၏ သမိုင်းဝင်အဖြစ် အောင်မြင်ကျော်ကြားခဲ့သော အစိုးရစက်မှု လက်မှုသိပ္ပံ (အင်းစိန်)ဝင်းအတွင်းမှာရှိတဲ့ လုပ်ငန်းမျိုးစုံ အဖုံဖုံမှာ လက်ရှိထိန်းသိမ်းဆောင်ရွက်နေတဲ့ အဖွဲ့အစည်းရဲ့ ဆောင်ရွက်ချက်များသာ ဖြစ်ပါကြောင်း၊ ယခုအခါ ပညာရေးဝန်ကြီးဌာနအနေဖြင့် အင်းစိန် G.T.I ပြန်လည် ရှင်သန်ရေးအတွက် တွန်းအားပေးဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသွား ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိမေးမြန်းချက်နဲ့ ပြည်ထောင်စုဝန်ကြီးရဲ့ ပြန်လည်ဖြေကြားချက်မှာ အချိန်အတန် ကြာခဲ့ပြီဖြစ်ပါတယ်။ အားရကျေနပ်ဖွယ်ရာ တိုးတက်ပြောင်းလဲမှုများကို ပြည်သူ တစ်ရပ်လုံး က မျှော်လင့်နေတာရှိတဲ့အတွက်ကြောင့် မေးမြန်းလိုတဲ့အချက်ကတော့ အင်ဂျင်နီယာမိခင် သမိုင်းဝင် အင်းစိန် G.T.I ပြန်လည် အသက်ဝင်ရှင်သန်ရေးအတွက် နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်။ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဖြေကြားချက်အပေါ်မှာ (က) ဖြေဆိုပြီးချိန်မှ ယနေ့အထိ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု၊ တိုးတက်မှု အခြေအနေ။ (ခ) အင်းစိန် G.T.I ဝင်းပိုင်နယ်မြေအတွင်းမှာ မူလကျောင်းတော်ကြီး၏ ဂုဏ်သိက္ခာကို ပြန်လည်ထိန်းသိမ်းရန်အတွက် လက်ရှိ လုပ်ငန်းမျိုးစုံ အဖုံဖုံတို့ အပြီးသတ်ဖယ်ရှားဆောင်ရွက်ပေးမည့် အစီအစဉ်နဲ့ အချိန်ကာလ။ (ဂ) မည်သည့် ပညာသင်နှစ်တွင် မည်သို့သော သင်တန်းအမျိုးအစားများဖြင့် ပြန်လည်ဖွင့်လှစ်ရန် အစီအစဉ် ရှိသည်။ (ဃ) နှစ်ပေါင်း (၁၂၀)ကျော်ကြာ သက်တမ်းရှိပြီဖြစ်သော အင်းစိန် G.T.I အဆောက်အဦကြီး အား ရှေးဟောင်းသမိုင်းဝင်အဆောက်အဦများအဖြစ် မှတ်တမ်းတင်ထားရှိရန် အစီအစဉ် ရှိ/မရှိတို့ကို ပြန်လည်ဖြေကြား ပေးနိုင်ပါရန် အများပြည်သူအကျိုးငှာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ် ပါသည် ခင်ဗျား။ များစွာကျေးဇူးတင်ပါသည်။

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၂။**

**ဒေါက်တာဇော်မင်းအောင် (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဒုတိယဝန်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာပဏာမ ဂါရဝပြုနှုတ်ခွန်း ဆက်သ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနရဲ့ ကိုယ်စား ဒုတိယဝန်ကြီးကျွန်တော် ဒေါက်တာဇော်မင်းအောင် က ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၁၀) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးနု ရဲ့ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ သမိုင်းဝင် အင်းစိန် G.T.I ပြန်လည် အသက်ဝင်ရှင်သန်ရေး နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ/မရှိနှင့် ဖြေကြားချက်အပေါ်မှာ ဆောင်ရွက်ပြီးစီးမှု အခြေအနေကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြား သွားမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာန အနေနဲ့ အကြောင်းအမျိုးမျိုးကြောင့် အခြေခံပညာ၊ အဆင့်မြင့်ပညာများ ဆက်လက်မသင်ကြားနိုင်သူများအတွက် အသက်မွေးဝမ်းကျောင်း ပညာရေးကို ဦးစားပေး လုပ်ဆောင်ရမယ်ဆိုတာ ကျွန်တော်တို့ ၂၀၁၁ ခုနှစ်ကတည်းက စတင်ပြီးတော့ ဆွေးနွေးပွဲတိုင်းမှာလည်း တင်ပြခဲ့တာဖြစ်ပါတယ်။ ယခင်က ပညာရေးဝန်ကြီးဌာန၊ အနေနဲ့တော့ ပုံမှန်အတန်းကျောင်းများ၊ အခြေခံပညာနဲ့ အဆင့်မြင့်ကျောင်းများကို ပြုပြင်ပြောင်းလဲ တိုးတက်နိုင်ဖို့အတွက် ကျွန်တော်တို့ အထူးလုပ်ငန်းအဖွဲ့ကို ဆောင်ရွက်ခဲ့သော်လည်းပဲ အခု လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးနု မေးခွန်းမမေးမီ၊ မတိုင်မီကာလကဘဲ အချိန်အတိအကျ ပြောရရင် ၂၀၁၄ ခုနှစ်ကပင် ကျွန်တော်တို့က ဒီ အသက်မွေးဝမ်းကျောင်း ပညာရေး အထူးလုပ်ငန်း အဖွဲ့ကို ကျွန်တော်တို့က သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက နေပြီးတော့ ပညာရေးဝန်ကြီးဌာနက လွှဲပြောင်းရယူခဲ့ပါတယ်။ လွှဲပြောင်းရယူပြီးတဲ့ အခါမှာလည်း သက်မွေးဝမ်းကျောင်း ပညာများ၊ သင်တန်းများ ဖွင့်လှစ်ရေးနဲ့ စပ်လျဉ်းပြီးတော့ ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ အဲဒီအထဲမှာလည်း အောင်မြင်ပြီး သမိုင်းဝင်ခဲ့တဲ့ သက်မွေးဝမ်းကျောင်း ကျောင်းများကိုလည်း ကျွန်တော်တို့က ဖွင့်လှစ်ရေး၊ အဲဒီအပြင် တိုင်းဒေသကြီး၊ ပြည်နယ်တွေမှာ အလုပ်အကိုင်အခွင့်အလမ်းတွေဟာ သက်မွေးဝမ်းကျောင်းနဲ့ တိုက်ရိုက်ဆက်သွယ်နေတာမို့လို့ သက်မွေးဝမ်းကျောင်းပညာ သင်တန်းများကို ကာလတို၊ ကာလရှည်သင်တန်းများကို ဆောင်ရွက်နိုင်ဖို့က ဒေသန္တရ ဆွေးနွေးပွဲများလည်း ဆောင်ရွက်ခဲ့တာဖြစ်တာကို ဦးစွာပဏာမအနေနဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အမျိုးသားလွှတ်တော်သို့ တင်ပြလိုပါတယ်။

ဒါကြောင့်လည်းပဲ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၁၀) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးနု ရဲ့ အင်းစိန် G.T.I ပြန်လည် အသက်ဝင်ရှင်သန်ရေး နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးမည့် အစီအစဉ်ကို သိရှိလိုခြင်း မေးခွန်းအပေါ်မှာ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၇-၇-၂၀၁၅ ရက်နေ့မှာ ဖြေကြားနိုင်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီဖြေကြားခြင်းကတော့ ပထမဦးဆုံး

အကြိမ် ဖြေကြားခြင်းဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးလည်း ဒါတင်ပြသွားတာတွေ့ရပါတယ်။ အဲဒီမေးခွန်း အမျိုးသားလွှတ်တော်ကို ဖြေပြီးတဲ့နောက်ပိုင်းမှာ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကျွန်တော်တို့ ရှင်းလင်းတင်ပြလိုပါတယ်။

ပထမဦးဆုံး အနေနဲ့ကတော့ ကျွန်တော်တို့ နိုင်ငံတော်သမ္မတရုံးရဲ့ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ လ ၁၃ ရက်၊ ရက်စွဲပါ စာအမှတ် ၅၉ ၁/၇ သမ္မတရုံးရဲ့ စာအရ နည်းပညာနဲ့ သက်မွေးပညာသင်တန်းများ အမြန်ဆုံးဖွင့်လှစ်နိုင်ရေးအတွက် ကျွန်တော်တို့ ပင်မဆောင်ကို လွှဲပြောင်းလက်ခံနိုင်ရေးကို ကျွန်တော်တို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ယခင်ကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြခဲ့တဲ့အတိုင်းပဲ အင်းစိန် G.T.I ဆိုတာ နည်းပညာသင်တန်းများကိုပဲ ဒါဖွင့်လှစ်နိုင်ခဲ့တာ ဖြစ်ပါတယ်။ နည်းပညာသင်တန်းဆိုတာ အင်ဂျင်နီယာနဲ့ ပတ်သက်တဲ့ ကျွန်တော်တို့ စက်မှုအင်ဂျင်နီယာ၊ မြို့ပြ အင်ဂျင်နီယာ၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ၊ လျှပ်စစ်ဆက်သွယ်ရေးအင်ဂျင်နီယာ စသည်ဖြင့် ဒီပလိုမာ သင်တန်းများသာ ပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။ ယခုတော့ ခေတ်စနစ်နဲ့လျော်ညီတဲ့ သက်မွေးဝမ်းကျောင်း သင်တန်းများဖြစ်တဲ့ ကျွန်တော်တို့ ရုံးလုပ်ငန်း အတတ်ပညာသင်တန်းများ၊ ဟိုတယ်နှင့် ခရီးဆိုင်ရာသင်တန်းများ၊ အခြားသက်မွေးပညာဆိုင်ရာသင်တန်းများ အစရှိတဲ့ ပုံမှန်သင်တန်းများအပြင် ကျွမ်းကျင်မှုဆိုင်ရာ စံနှုန်း အဆင့်ဆင့်နဲ့အညီ ကာလတိုသင်တန်းများကို ဖွင့်လှစ်ဆောင်ရွက်သွားရန် ကျွန်တော်တို့ ညှိနှိုင်းဆောင်ရွက် လျက်ရှိပါတယ်။

စံနှုန်းအဆင့်ဆင့်ဆိုတဲ့နေရာမှာ လွှတ်တော်ဥက္ကဋ္ဌကြီးကနေ တစ်ဆင့်တင်ပြလိုတာကတော့ ကျွန်တော်တို့ အာဆီယံစံနှုန်းတွေ ရှိပါတယ်။ အဲဒီတော့ ပထမအာဆီယံစံနှုန်း (၁၂)ခုရှိတဲ့ အနက်မှာ ပထမအဆင့် (၄)ဆင့်ကိုတော့ ကျွန်တော် အလုပ်သမား၊ အလုပ်အကိုင်နဲ့ လူမှုဖူလုံရေးဝန်ကြီးဌာနကနေပြီးတော့ တာဝန်ယူဆောင်ရွက်ရတာဖြစ်ပါတယ်။ တစ်နည်းအားဖြင့်တော့ ကျွမ်းကျင်လုပ်သားများ မွေးထုတ် ရတဲ့ အပိုင်းဖြစ်ပါတယ်။ အဲဒီ အဆင့်(၄)ထက် ကျော်လွန်တဲ့ အပိုင်းကတော့ ကျွန်တော်တို့ ခုနက သက်မွေးဝမ်းကျောင်းတွေကို တာဝန်ယူရတဲ့ ဌာနတွေက ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါလေး ဖြည့်စွက်ရှင်းလင်း တင်ပြလိုပါတယ်။ ဒုတိယအချက်နေနဲ့ကတော့ G.T.I ပညာရေးခရီးစဥ် အနှစ်(၁၂၀) ပြည့် အခမ်းအနားကို ကျွန်တော်တို့၁၂-၁၂-၂၀၁၅ ရက်နေ့မှာကျင်းပပြုလုပ်ခဲ့ပြီးတော့ ယင်းအခမ်းအနားမှာပဲ နှစ်ပေါင်း(၁၂၀) သက်တမ်းရှိပြီဖြစ်တဲ့ အင်းစိန် G.T.I ရဲ့ အဆောက်အဦကို ရှေးဟောင်းသမိုင်းဝင်အဆောက်အဦအဖြစ် မှတ်တမ်းတင်ထားရှိနိုင်ရေးကို ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနကရော၊ AGTI Society ကရော၊ ကျန်တဲ့တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်မှုနဲ့ ရန်ကုန်မြို့ရဲ့ မြို့ပြအမွေအနှစ် စာရင်းဝင်အမွေအနှစ် အပြာရောင်ကမ္ပည်းပြား (Blue Heritage Plaques)ကို ကျွန်တော်တို့ တပ်ဆင်မှတ်တမ်းတင်ထားရှိပြီးဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။

လတ်တလောအနေနဲ့ မနေ့ကပဲ ၁၉-၁-၂၀၁၆ ရက်နေ့ ရန်ကုန် စိန်ရတုခန်းမမှာ ပညာ ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနဲ့ ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နဲ့ လူမှုဖူလုံရေးဝန်ကြီးဌာနနဲ့ ကျွန်တော်တို့ AGTI Society အဖွဲ့မှ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများ၊ နည်းပညာနှင့် သက်မွေးပေါင်းစပ်ညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌများ ကျွန်တော်တို့ အစည်းအဝေးတစ်ရပ် ကျင်းပပြုလုပ်ပြီးတော့ သင်တန်းများ အမြန်ဆုံး သက်မွေးဝမ်းကျောင်းပညာများ အမြန်ဆုံး ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်ထားရှိပြီး ဖြစ်ပါကြောင်း။ ကျွန်တော်တို့ မေးခွန်းမေးပြီးတဲ့ နောက်ပိုင်းမှာ ဆောင်ရွက်ထားရှိမှု

အခြေအနေများကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် အမျိုးသားလွှတ်တော်သို့ လေးစားစွာ ရှင်းလင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးနု၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၀)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးမြန်းချက်ရဲ့ ဒုတိယမေးခွန်းဖြစ်တဲ့ အင်းစိန် G.T.I ဝင်းပိုင်နယ်မြေအတွင်းမှာ မူလကျောင်းရဲ့ ဂုဏ်သိက္ခာကို ပြန်လည် ထိန်းသိမ်းရန်အတွက် လက်ရှိလုပ်ငန်းမျိုးစုံ အဖုံဖုံကို အပြီးသတ်ဖယ်ရှားဆောင်ရွက်ပေးမည့် အစီအစဉ်နဲ့ အချိန်ကာလဆိုတဲ့ မေးမြန်းချက်ကို ဒုတိယဝန်ကြီး ဖြေကြားချက်ထဲမှာ ပါမသွားတဲ့ အတွက်ကြောင့် ထပ်မံမေးမြန်းခြင်း ဖြစ်ရပါကြောင်း လေးစားစွာဖြင့် ထပ်မံတင်ပြအပ်ပါတယ်။

**ဒေါက်တာဇော်မင်းအောင် (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီ တချို့ဟာတွေက အချိန်ကာလနှင့် လိုက်လျောညီထွေ ဆောင်ရွက်ရတာဖြစ်ပါတယ်။ တချို့ဟာက ကာလတို ဆောင်ရွက်ရတာဖြစ်သလို တချို့ဟာတွေကတော့ ကာလရှည် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ တချို့ဟာတွေကလည်း သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ရမှာဖြစ်တဲ့အတွက် ကျွန်တော်တို့ လက်ရှိအစိုးရသက်တမ်း ကျန်တဲ့ကာလမှာ ဆောင်ရွက်နိုင်မယ့် အခြေအနေ အားသွန်ခွန်စိုက်ဆောင်ရွက်သွားမှာလည်း ဖြစ်ပါတယ်။ ဒီလိုပဲ လွှတ်တော်သက်တမ်း ကလည်း ကျန်ရှိတဲ့ အခြေအနေတွေအတွင်းမှာ ဆောင်ရွက်နိုင်တဲ့ အနေအထားမှာ တင်ပြသွားပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ အနာဂတ်ကို မပိုင်စိုးတဲ့အတွက် အနာဂတ်မှာ ဆက်လက်လွှဲပြောင်း တာဝန်ယူမယ့်သူတွေအတွက်တော့ ကျွန်တော်တို့ဟာ လွှဲပြောင်း၊ လက်ခံလုပ်တဲ့အချိန်မှာ ဘယ်အထိတော့ ဆောင်ရွက်ပြီးပါပြီ။ ဘာတွေတော့ ဆက်လက်ဆောင်ရွက်ရန် ရှိပါသေးတယ်ဆိုတာကို စနစ်တကျ လွှဲပြောင်းသွားမှာဖြစ်ပါကြောင်း တန်ပြန်မေးခွန်းအား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး မှတစ်ဆင့် ရှင်းလင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချုပ်သား/ အကျဉ်းသားများနှင့် ပြင်ပ ဆွေမျိုး/သက်ဆိုင်သူများ တွေ့ဆုံခွင့်ပြုရာတွင် လွယ်ကူ၊ လုံခြုံ၊ တာဝန်ယူမှုရှိစေရန်အတွက် လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်က အချုပ်သား/ အကျဉ်းသားများနှင့် ပြင်ပ ဆွေမျိုး/သက်ဆိုင်သူများ တွေ့ဆုံခွင့်ပြုရာတွင် လွယ်ကူ၊ လုံခြုံ၊ တာဝန်ယူမှုရှိစေရန်အတွက် လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အကျဉ်းသား/ အချုပ်သားတို့၏ ကျန်းမာရေး၊ လုံခြုံရေးကို နိုင်ငံတော်က ရာနှုန်းပြည့် စောင့်ရှောက်ကာကွယ်မှု ပေးရမှာပါ။ ဒါပေမဲ့ ယခုအခါမှာ အကျဉ်းသား/ အချုပ်သားတို့နဲ့ ပြင်ပဆွေမျိုး၊ သက်ဆိုင်သူများ တွေ့ဆုံကြတဲ့ အခါမှာ သံဇကာ၊ သံတိုင်ကိုသာ ကြားခံ၍ တွေ့ဆုံနေရပါတယ်။ ဒီလို တွေ့ဆုံခြင်းတွေဟာ အကျဉ်းသား/ အချုပ်သားတို့၏ ကျန်းမာရေး၊ လုံခြုံရေး

ကို ရာနှုန်းပြည့် ကာကွယ်စောင့်ရှောက်မှု မဖြစ်စေပါဘူးခင်ဗျား။ ဒါကြောင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းတွေကတော့ အကျဉ်းသား/အချုပ်သားများနှင့် ပြင်ပဆွေမျိုး သက်ဆိုင်သူများ တွေ့ဆုံခွင့်ပြုရာတွင် မှန်ချပ်အကြည်မှတစ်ဆင့် မြင်တွေ့စေပြီး၊ Internal Phone Line မှ တစ်ဆင့် စကားပြောဆိုခွင့်ပြုရန်။ လုံခြုံရေးလိုအပ်ချက်ရှိပါက TV ကင်မရာများမှသာ တစ်ဆင့် မြင်တွေ့စေပြီး Internal Phone Line မှတစ်ဆင့် စကားပြောဆိုခွင့်ပြုရန်။ တွေ့ဆုံခွင့်ရသည့် ပြင်ပဆွေမျိုး၊ သက်ဆိုင်သူများ တာဝန်ယူမှု၊ တာဝန်ခံမှု ရှိစေရန်အတွက် တွေ့ဆုံခြင်းများကို Recording ပြုလုပ်ထားရန်။ နိုင်ငံတော်သည် တွေ့ဆုံလိုသည့် ပြင်ပဆွေမျိုး၊ သက်ဆိုင်သူများအတွက် စီစဉ် ဆောင်ရွက်ပေးကြရသည့် ဝန်ဆောင်မှုလုပ်ငန်းဖြစ်သဖြင့် သင့်လျော်သည့် နှုန်းထားတစ်ခု သတ်မှတ်ပြီး တွေ့ဆုံလိုသူများထံမှ အခကြေးငွေ ကောက်ခံရန်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ပါ ကိစ္စရပ်များသည် နိုင်ငံတော်အတွက် အခကြေးငွေ ရရှိစေသောအကျိုး။ အများပြည်သူအမြင်တွင် အကျဉ်းထောင်ပိုမိုကောင်းမွန်စေသော အကျိုးများအပြင် တာဝန်ကျ ဝန်ထမ်းများ ခေတ်မီပစ္စည်းများ သုံးစွဲခြင်းကြောင့် လွယ်ကူသော တာဝန်ထမ်းဆောင်မှုများ ရရှိမှာ ဖြစ်ပါတယ်။ ၎င်းအပြင် ပြင်ပဆွေမျိုး၊ သက်ဆိုင်သူများနှင့် အချုပ်သား/ အကျဉ်းသားများ ပိုမို လွယ်ကူစွာ တွေ့ဆုံစေခြင်း။ အကြိမ်ရေများစွာ တွေ့ဆုံခြင်းကြောင့် စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်မှုများ ရရှိစေမှာ ဖြစ်သည့်အတွက် မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၂။**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့် (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော် ကတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် ဖြစ်ပါတယ်။ ရန်ကုန်တိုင်း ဒေသကြီး၊ အမှတ်(၃) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင် ရဲ့ မေးခွန်း အပေါ် ကျွန်တော်က ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဟာ ပြည်တွင်းလုံခြုံရေးနဲ့ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေးဆိုတဲ့ ရည်မှန်းချက်တာဝန်(၄)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဒီ ရည်မှန်းချက်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် လုပ်ငန်းတာဝန်(၆)ရပ် ဖြစ်တဲ့ ပြစ်မှုမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေး၊ ဖြစ်ပွားသော ပြစ်မှုများကို စုံစမ်းစစ်ဆေးဖော်ထုတ် တရားစွဲတင်ရေး၊ နိုင်ငံတော်အတွင်း စည်းကမ်းသေဝပ်တည်ငြိမ်ရေး၊ ပြည်သူလူထုလုံခြုံရေး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်ကို တားဆီးနှိမ်နင်းရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ

ဆောင်ရွက်ရေးတို့ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ၂ဝဝ၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇၆ တွင် နိုင်ငံတော် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူ အေးချမ်းသာယာရေးနဲ့ အများပြည်သူအကျိုးငှာ ဥပဒေနှင့်အညီ ကြိုတင်ကာကွယ်ထားရှိရန် လိုအပ်သောကိစ္စ (သို့မဟုတ်) တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ခွင့်ပြုသည့် ကိစ္စမှတစ်ပါး စီရင်ပိုင်ခွင့်ရှိသော တရားသူကြီး၏ ချုပ်မိန့် မရရှိဘဲ မည်သူကိုမျှ (၂၄)နာရီထက် ပိုမို၍ ချုပ်နှောင်ခြင်းမပြုရ ဟုလည်းကောင်း၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၆၁ တွင် တရားသူကြီး၏ အမိန့်မရဘဲ (၂၄)နာရီထက် ကျော်လွန်၍ ချုပ်နှောင်ထားခြင်း မပြုရဟူ၍လည်းကောင်း၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၆၇ အရ (၂၄) နာရီထက် ကျော်လွန်၍ ချုပ်နှောင်ထားရန် လိုအပ်ပါက ရာဇဝတ်တရားသူကြီးထံ တင်ပို့ရမည်ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားရှိပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ရှိ ရဲစခန်းအသီးသီးမှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အား ဖောက်ဖျက်ကျူးလွန်သော တရားခံများအနက် အာမခံပေးပိုင်ခွင့်ရှိသည့် ပြစ်မှုမှ တရားခံများအား ခံဝန်သူ (၂)ဦးဖြစ်စေ၊ ကိုယ်တိုင်ခံဝန်ဖြင့်ဖြစ်စေ၊ အာမခံပေးကာ ရဲအမှုတွဲများ စစ်ဆေးဆောင်ရွက်လျက် ရှိပါတယ်။ အာမခံပေးပိုင်ခွင့်မရှိသော တရားခံများအား (၂၄)နာရီထက် ကျော်လွန်ချုပ်နှောင်ထားရှိရန် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၆၇ အရ တရားသူကြီးထံ တင်ပို့၍ ချုပ်မိန့် ရီမန်ရယူကာ ရဲစခန်း အချုပ်ခန်းနှင့် ရဲအချုပ်ထောင်များတွင် ချုပ်နှောင်ထားရှိပြီး တရားစီရင်ရေးကိစ္စရပ်များကို ဆောင်ရွက်လျက် ရှိပါတယ်။

ရဲစခန်းအသီးသီးနှင့် အချုပ်ထောင်များရှိ အချုပ်သားများနဲ့ ပြင်ပလူများတွေ့ဆုံရန် ခွင့်ပြုရာတွင်လည်း လွယ်ကူလုံခြုံမှု ရှိစေရန်အတွက် လိုက်နာဆောင်ရွက်ရမည့် အချက်များကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ အနေနဲ့ ရဲလက်စွဲ ဒုတိယတွဲ အပိုဒ် ၁၂၃၂(ဃ)တွင် ပြဋ္ဌာန်းထားချက်အရ အချုပ်တရားခံနှင့် ပြင်ပမှ လာရောက်တွေ့ဆုံသူများကို လက်လှမ်းမမီသည့် နေရာမှ တွေ့ဆုံခွင့်ပြုရန်။ အချုပ်တရားခံနှင့် ပြင်ပမှ လာရောက်တွေ့ဆုံသူများကြားတွင် အလှည့်ကျ ထိုင်ကင်းမှ မျက်နှာမူ၍ မျက်ခြေမပြတ်ကြည့်ခြင်း၊ လာရောက်ပေးပို့သည့် အစားအစာထည့်သည့် ပစ္စည်းများ၊ အစားအစာများကို စနစ်တကျ ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်ပြီး ခွင့်ပြုပေးလျက်ရှိပါတယ်။ ဖော်ပြပါ ရဲလက်စွဲ ဒုတိယတွဲ အပိုဒ် ၁၂၃၂(ဃ)ပါ အချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန် ၂၆-၁-၁၉၈၇ ခုနှစ်၊ ရက်စွဲပါ စာအမှတ် ၁ဝဝ၁/ ပရခ/၂ - ဦး ၂ အဖြစ် ရဲစခန်း၊ ရဲကင်း၊ အချုပ်ထောင်၊ ဆေးရုံအချုပ်တို့ရှိ တာဝန်ရှိသူများကိုလည်း ထပ်ဆင့်ညွှန်ကြားထားရှိပြီး ဖြစ်ပါတယ်။

လက်ရှိ ရဲစခန်းများတွင် အချုပ်သားများနှင့် ပြင်ပလူများ တွေ့ဆုံသည့် နည်းလမ်းမှာ လွယ်ကူလုံခြုံမှု၊ တာဝန်ယူမှုများရှိကြောင်း တွေ့ရှိနိုင်မည် ဖြစ်ပါတယ်။တွေ့ဆုံရာတွင် ကန့်သတ်ချက်များမှာ အချုပ်ခန်းလုံခြုံရေးတစ်ခုထဲကိုသာ ဦးစားပေး ဆောင်ရွက်ထားခြင်း မဟုတ်ဘဲ မှုခင်းဆိုင်ရာများတွင် မလိုလားအပ်သည့် ပြဿနာများ မဖြစ်ပွားစေရန် ရည်ရွယ်ပြီး ကန့်သတ်ထားခြင်း ဖြစ်ပါတယ်။ အချုပ်သားများနှင့် ပြင်ပလူ တွေ့ဆုံချိန်အား ဥပဒေအားဖြင့် သတ်မှတ်ထားခြင်း မရှိသော်လည်း ရဲစခန်းများ၏ အစီအစဉ်ဖြင့် ပြည်သူလူထုအတွက် အဆင်ပြေနိုင်စေမည့် နံနက်(၉)နာရီမှ (၁၁)နာရီအချိန်အထိလည်းကောင်း၊ နေ့လယ်(၃)နာရီမှ (၅)နာရီအချိန်အထိလည်းကောင်း တွေ့ဆုံခွင့်ပြုပေးလျက်ရှိပါတယ်။ တွေ့ဆုံရာတွင် တွေ့ဆုံသူ တစ်ဦးလျှင် မိနစ်(၂ဝ) တွေ့ဆုံရန် ခွင့်ပြုထားရှိပါတယ်။

ဒါအပြင် အကျိုးဆောင်ရှေ့နေများနဲ့ အချုပ်သားများ တွေ့ဆုံခြင်းကို ထိုင်ကင်းမှ မြင်သာသည့်နေရာတွင် တွေ့ဆုံခွင့် ပေးထားပြီး ဖြစ်ပါတယ်။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရှိ ရဲစခန်းပေါင်း (၆၇၃)ခုမှာ အချုပ်ခန်း လုံခြုံရေးအတွက် CCTV ကင်မရာပေါင်း (၆၈၈)ခု တပ်ဆင်ထားရှိကာ နေ့စဉ်တာဝန်ကျ တပ်ဖွဲ့ဝင်များမှ စောင့်ကြပ်ကြည့်ရှုလျက် ရှိပါတယ်။ အကျဉ်းဦးစီးဌာန၏ ရည်မှန်းချက်တာဝန်(၄)ရပ်ကတော့ လုံခြုံစွာထိန်းသိမ်းရေး၊ အကျင့်စာရိတ္တ ပြောင်းလဲရေး၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ သင်ကြားပေးရေးနှင့် ပြည်သူ့အကျိုးပြု ဆောင်ရွက်ရေးတို့ပဲ ဖြစ်ပါတယ်။ အကျဉ်းထောင်များအတွင်း အချုပ်သားများနဲ့ အကျဉ်းသားများကို အိပ်ဆောင်အလိုက်၊ အခန်းအလိုက် သီးခြားစီ ခွဲထားပြီး ထိန်းသိမ်းထားရှိလျက်ရှိပါတယ်။ အကျဉ်းသား၊ အချုပ်သားများအား ဧည့်သည်တွေ့ဆုံခြင်း၊ ရှေ့နေတွေ့ဆုံခြင်းတို့ကို အကျဉ်းထောင် လက်စွဲဥပဒေနှင့်အညီ ဆောင်ရွက်ပေးလျက် ရှိပါတယ်။

အကျဉ်းထောင်လက်စွဲ ဥပဒေပုဒ်မ အပိုဒ် ၇၈၀(၁) အရ အကျဉ်းသား၊ အကျဉ်းသူများအား နှစ်ပတ်လျှင် တစ်ကြိမ်နှုန်း၊ အချုပ်သား၊ အချုပ်သူများအား တစ်ပတ်လျှင် တစ်ကြိမ်နှုန်း ဧည့်တွေ့ခွင့်၊ ထောင်ဝင်စာ တွေ့ဆုံခွင့်များ ခွင့်ပြုပေးထားရှိပြီး ဖြစ်ပါတယ်။ အကျဉ်းထောင်လက်စွဲ ဥပဒေပုဒ်မ ၇၈၄ (၅)တွင် " သာမန်အားဖြင့် ဧည့်တွေ့ခြင်းအတွက် ခွင့်ပြုချိန်အား မိနစ်(၂၀)ထက် မကျော်လွန်စေရ၊ သို့သော် အကျဉ်းထောင်တာဝန်ခံ၏ ဆန္ဒဆုံးဖြတ်ချက်ဖြင့် တိုးမြှင့်ခွင့်ပြုနိုင်သည် " ဟု ဖော်ပြထားချက်အတိုင်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အကျဉ်းထောင်လက်စွဲဥပဒေအပိုဒ် ၇၉၀ အရ ရှေ့နေတွေ့ဆုံခွင့်အား တွေ့လိုသည့်နေ့ရက်တွင် တွေ့ဆုံခွင့်ရရှိရန် စီစဉ်ထားရှိပြီး ဖြစ်ပါတယ်။ ဧည့်သည်တွေ့ဆုံခွင့်နဲ့ ရှေ့နေတွေ့ဆုံခွင့်များအား ပိတ်ရက်မရှိ နံနက်(၈)နာရီမှ နေ့လယ်(၁၂)အထိလည်းကောင်း၊ နေ့လယ်(၂)နာရီမှ ညနေ(၅)နာရီအထိလည်းကောင်း တွေ့ဆုံခွင့်ပြုထားပြီး ဖြစ်ပါတယ်။ အကျဉ်းသားဦးရေများပြားသော အင်းစိန်၊ မန္တလေး၊ သာယာဝတီ ဗဟိုအကျဉ်းထောင်(၃)ခုနှင့် အကျဉ်းသားဦးရေ (၁၀၀၀) အထက်အထိ သတ်မှတ်ထားသော (က)အဆင့် အကျဉ်းထောင်များတွင် အကျဉ်းသား၊ အကျဉ်းသူများအား ဧည့်တွေ့သည့်နေ့၊ အချုပ်သား၊ အချုပ်သူများအား ဧည့်တွေ့သည့်နေ့၊ အကျဉ်းကျအချင်းချင်း၊ အချုပ်ကျအချင်းချင်း ဧည့်တွေ့သည့်နေ့ဟူ၍ ခွဲခြားသတ်မှတ်ပေးထားပြီး ဖြစ်ပါတယ်။

ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၆၇ နှင့် ၆၈ တို့အရ ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်တရားသူကြီး၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခရိုင်တရားသူကြီးများသည် ပြစ်ဒဏ်ကျခံနေသူများ၊ အချုပ်ခံနေသူများနဲ့ ပတ်သက်ပြီး ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ခံစားနိုင်ရေးနှင့် အမှုများစစ်ဆေးရာတွင် ကြန့်ကြာမှု မရှိစေရေးတို့အတွက်ကို မိမိတို့ စီရင်ပိုင်ခွင့်ရှိရာ ဒေသများရှိ အကျဉ်းစခန်းများ၊ ရဲဘက်စခန်းများ၊ ရဲတပ်ဖွဲ့ အချုပ်စခန်းများအား စစ်ဆေးကြည့်ရှုနိုင်ပါတယ်။

သို့ဖြစ်ရာ ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခရိုင်တရားသူကြီးများသည် အချုပ်သားများ၏ နေထိုင်စားသောက်မှု၊ သန့်ရှင်းမှု ကျန်းမာရေးစောင့်ရှောက်မှု ရှိ/မရှိ။ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ရရှိမှု ရှိ/မရှိ တို့ကို အကျဉ်းထောင်များနှင့် အချုပ်ခန်းများအတွင်း လိုက်လံစစ်ဆေးပြီး လိုအပ်ချက်များကို ပြုပြင်ဆောင်ရွက်

ပေးလျက်ရှိပါတယ်။ ဒါ့အပြင် အကျဉ်းထောင်များအတွင်းသို့ ICRC မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့တို့မှ ဝင်ရောက်လေ့လာခြင်းများ ပြုလုပ်လျက်ရှိပြီး ၎င်းတို့၏ အကြံပြုချက်များဖြင့်လည်း ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ဧည့်သည်များ ဧည့်မတွေ့မီ ခေတ္တနားနေရန် အဆောက်အဦများကိုလည်း အကျဉ်းထောင်တိုင်းတွင် စီစဉ်ထားရှိပေးထားပါတယ်။ ခေတ္တနားနေဆောင် များတွင် ဧည့်သည်များ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ လိုက်နာရမည့် စည်းကမ်းများကိုလည်း ရေးသားချိတ်ဆွဲထားခြင်း။ သတင်းစာ၊ ဂျာနယ်များ စီစဉ်ပေးခြင်း၊ တီဗွီတပ်ဆင်ပြသပေးခြင်းများကိုလည်း ဆောင်ရွက်ပေးထားပါတယ်။

အကျဉ်းသားဦးရေ များပြားသော မန္တလေး၊ အင်းစိန်ဗဟိုအကျဉ်းထောင်များတွင် နေ့စဉ် ဧည့်တွေ့လာသူဦးရေ ပျမ်းမျှ (၂၀၀)မှ (၄၀၀)ဦးအထိ ရှိပါတယ်။ ကျန် အကျဉ်းထောင်များတွင် နေ့စဉ် ဧည့်တွေ့လာသူဦးရေ (၃၀)ဦးမှ (၁၀၀)ဦးအထိ ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ အကျဉ်းထောင်ရှိ ဧည့်တွေ့ခန်းများတွင် အကျဉ်းကျသူနှင့် ဧည့်သည်တို့သည် (၁)ပေခန့်ခြားသော သံဇကာ(၂)ထပ်အပြင်ဘက်မှ မျက်နှာချင်းဆိုင် တွေ့ဆုံပြောကြားခွင့် ရရှိပါတယ်။ ဧည့်တွေ့ခန်း၏ အကျယ်အဝန်းကို မူတည်၍ အင်းစိန်နှင့် မန္တလေးဗဟိုအကျဉ်းထောင်(၂)ခုမှာ တစ်ကြိမ်တွေ့ဆုံလိုပါက လူ(၇၀)ဦးခန့် တစ်ပြိုင်တည်း တွေ့ဆုံနိုင်ပြီး၊ ကျန် အကျဉ်းထောင်များတွင် တစ်ကြိမ်တွေ့ဆုံလိုပါက လူ(၅)ဦးမှ (၁၅)ဦးအထိ တစ်ပြိုင်တည်း တွေ့ဆုံနိုင်ပါတယ်။ အင်းစိန်ဗဟိုအကျဉ်းထောင်မှာ လုံခြုံရေးအရ အထူးဂရုစိုက်ရမယ့် အကျဉ်းသား ဧည့်တွေ့သည့် မှန်လုံခန်း(၂)ခုရှိပြီး၊ Internal Phone ဖြင့် ပြောကြားရန် စီစဉ်ထားရှိပါတယ်။ ထိုမှန်လုံခန်းများတွင် တစ်ကြိမ်တွေ့လျှင် (၁)ဦးစီသာ တွေ့ဆုံနိုင်ပါတယ်။ ကျန် အကျဉ်းထောင်များတွင် နေရာအကျယ်အဝန်းနှင့် ဘဏ္ဍာငွေ ကန့်သတ်ချက်ရှိတဲ့အတွက် မှန်လုံခန်းများ ဆောင်ရွက်နိုင်ခြင်း မရှိသေးပါ။

အကျဉ်းဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်များအနက် အင်းစိန်၊ မန္တလေး၊ သာယာဝတီ၊ ဗဟိုအကျဉ်းထောင်(၃)ခုနဲ့ မြစ်ကြီးနား အကျဉ်းထောင်တို့မှာ ဧည့်တွေ့ခန်းများတွင် CCTV ကင်မရာများ တပ်ဆင်ပြီး၊ အကျဉ်းထောင် တာဝန်ခံရုံးခန်းမှ စောင့်ကြပ်ကြည့်ရှုနိုင်ရေး စီစဉ်ထားရှိပြီး ဖြစ်ပါတယ်။ ကျန် အကျဉ်းထောင်များတွင် ဆောင်ရွက်နိုင်ခြင်းမရှိသေးပါ။ အကျဉ်းသားများနှင့် ဧည့်တွေ့သူများ တွေ့ဆုံမှုကို Recording ပြုလုပ်ရန် ကိစ္စမှာ တည်ဆဲဥပဒေများတွင် ပြဋ္ဌာန်းထားမှုမရှိခြင်း။ သီးခြား ညွှန်ကြားချက်မရှိခြင်းတို့ကြောင့် အဆိုပါလုပ်ငန်းကို ဆောင်ရွက်ထားနိုင်မှုမရှိပါ။ ရဲစခန်းများတွင် CCTV တပ်ဆင်ခြင်း၊ ဗဟိုအကျဉ်းထောင်(၃)ခုနဲ့ မြစ်ကြီးနား အကျဉ်းထောင်တို့တွင် CCTV တပ်ဆင်ထားခြင်း၊ အင်းစိန်အကျဉ်းထောင်တို့တွင် မှန်လုံခန်းများ တပ်ဆင်ခြင်း၊ Internal Phone ဖုန်းလိုင်းများ တပ်ဆင်ခြင်းတို့အား ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ ထပ်မံဆောင်ရွက်မည်ဆိုပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကျဉ်းဦးစီးဌာနတို့ရဲ့ ခွင့်ပြုဘဏ္ဍာငွေ ရန်ပုံငွေဖြင့်သာ ဆောင်ရွက် ရမည်ဖြစ်သဖြင့် အချုပ်သား၊ အကျဉ်းသားများအတွက် လာရောက်တွေ့ဆုံသည့် ဧည့်သည်များထံမှ ဝန်ဆောင်မှုပေးခြင်းအတွက် အခကြေးငွေ ကောက်ခံရန် အစီအစဉ်မရှိပါ။ အချုပ်ခန်း၊ အချုပ်ထောင်၊ အကျဉ်းထောင်များတွင် CCTV များ တပ်ဆင်ခြင်း၊ မှန်လုံခန်းများ တပ်ဆင်ခြင်း၊ Internal Phone ဖုန်းလိုင်းများ တပ်ဆင်ခြင်းအား ဘဏ္ဍာရန်ပုံငွေ ခွင့်ပြုချက်ရရှိမှုအပေါ် မူတည်ပြီး တိုးမြှင့်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း နဲ့ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ အချုပ်သား၊ အကျဉ်းသားများ ပြင်ပဧည့်သည် တွေ့ဆုံမှုနှင့် ပတ်သက်၍ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ အကျဉ်းထောင်လက်စွဲဥပဒေ၊ မြန်မာနိုင်ငံ ရဲလက်စွဲတို့ပါ

ပြဋ္ဌာန်းချက်များနဲ့အညီ ဆောင်ရွက်နေတဲ့အပြင် နိုင်ငံတကာ စံချိန်၊ စံညွှန်းများနဲ့အညီ ပြုပြင်ပြောင်းလဲပေးလျက် ရှိပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ကြီးရဲ့ ဖြေကြားချက်မှာ ဘဏ္ဍာရေးအခက်အခဲကြောင့် အများစုကို မလုပ်နိုင်ဘူးလို့ ဖြေကြားပါတယ်။ ဒါလည်း ကျွန်တော်လက်ခံပါတယ်ခင်ဗျား။ ဒါပေမယ့် ကျွန်တော်တို့ လုပ်နိုင်တဲ့နည်းတွေ ရှိပါတယ်။ ဥပမာ လုံခြုံရေးနဲ့ ဒီ မှန်ချပ်တွေ၊ Internal Phone Line ဆိုတာ နိုင်ငံတကာမှာ တော်တော်များများကို ကျင့်သုံးနေပါပြီခင်ဗျား။ ကျွန်တော်တို့နိုင်ငံက ဒီဟာတွေနဲ့ ပတ်သက်လို့ တော်တော်ကြီးကို နောက်ကျကျန်ခဲ့ပါတယ်။ ဒီ ကိစ္စတွေကလည်း အထူးငွေကြေးကုန်တဲ့ ကိစ္စတွေ မဟုတ်ပါဘူး။ ဒီလိုဆောင်ရွက်မယ်ဆိုလို့ရှိရင် အကျဉ်းသားရော၊ အချုပ်သားရော ပြင်ပဆွေမျိုးတွေအတွက်ရော များစွာအဆင်ပြေမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော် တင်ပြချင်တာက ဒါက နိုင်ငံတော်ဘတ်ဂျက်နဲ့ ဘဏ္ဍာရေးနဲ့ ပတ်သက်လို့ အခက်အခဲရှိတယ်ဆိုလို့ရှိရင် ပြင်ပပုဂ္ဂလိက ကုမ္ပဏီတွေကို ဒီ B.O.T စနစ်နဲ့ လုပ်ခိုင်းလို့ရပါတယ်။ အခကြေးငွေယူလို့ရှိရင်လည်း ဒီအတွက်လည်း ပြင်ပကုမ္ပဏီကနေပြီးတော့ ကောက်ခံလို့ရပါတယ်ခင်ဗျား။ ဒီနည်းနဲ့ဆောင်ရွက်မှသာ ကျွန်တော်တို့ အလျင်အမြန်ဖြစ်မှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့က နိုင်ငံတကာမှာ ဒီစနစ်ကို အများကြီးကျင့်သုံးနေပြီ။ ကျွန်တော်တို့က အခုအချိန်ထိအောင် မလုပ်နိုင်ဘူးဆိုတာလည်း ကျွန်တော် တို့နိုင်ငံရဲ့ အကျဉ်းထောင်၊ အချုပ်သားတွေ၊ အကျဉ်းထောင်ရဲ့ပုံရိပ်က လျော့ကျစေပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဖြေဖို့ရှိလား။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ ခုန ကျွန်တော် ရှင်းလင်းတင်ပြတဲ့အထဲမှာပါပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီလွှတ်တော်ကိုယ်စားလှယ်ကြီး ထပ်မံမေးမြန်းတဲ့မေးခွန်းအရ ကျွန်တော်တို့ B.O.T စနစ်နဲ့ ပြုလုပ်မယ်ဆိုရင်တော့ ဒါ မဖြစ်နိုင်ပါဘူးခင်ဗျား။ ဘာလို့လဲဆိုတော့ ဒါ အခကြေးငွေကောက်ရမယ့်အခြေအနေမျိုး သွားဖြစ်ပါတယ် သူက။ ဘာလို့လဲဆိုတော့ ပြီးမှ ကျွန်တော်တို့ ပြန်လွှဲဆိုတော့ ဒါ ....ကျွန်တော်တို့သည် ပြည်သူအတွက်ကို ကျွန်တော်တို့က ရည်မှန်းချက်တာဝန်မှာ ပါပြီးဖြစ်ပါတယ်။ ပြည်သူ့အကျိုးပြုဆောင်ရွက်ရန် ဆိုတဲ့ နောက်ဆုံး ရည်မှန်းချက်မှာ ပြည်သူ့အကျိုးပြု ဆောင်ရွက်ရမယ့်ကိစ္စ ဖြစ်တဲ့အတွက် ကျွန်တော်တို့က ဒီအချုပ်သား၊ အကျဉ်းသားများကိုလည်း ကျွန်တော်တို့ နိုင်ငံတကာ စံချိန်စံညွှန်းနဲ့အညီ ကျွန်တော်တို့ ထားရှိဖို့အတွက်ကို နိုင်ငံတကာရဲ့ ဒီနဲ့တွေ့ဆုံတဲ့အခါမှာလည်း နိုင်ငံတကာရဲ့ အကြံပြုချက်များအတိုင်း ကျွန်တော်တို့ ပြုပြင်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ နိုင်ငံတော်ဘတ်ဂျက်နဲ့ပဲ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီအခုလက်ရှိလည်း ဗဟိုအကျဉ်းထောင်များမှာတော့ ခုနဒီ အကျဉ်းသားများနဲ့ တွေ့ဆုံဖို့အတွက် မှန်လုံခန်းနှင့် တွေ့ဆုံဖို့အတွက် ကျွန်တော်တို့ ဆောင်ရွက်ပြီး ဖြစ်ပါတယ်။

တချို့သော အကျဉ်းထောင်များသည် ဒီ တည်ဆောက်ထားတဲ့ကာလသည် ကြာရှည်ပြီဖြစ်တဲ့အတွက် ဒီအကျဉ်းထောင်တွေရဲ့အနေအထား၊ နောက်အခန်းရဲ့အနေအထားပေါ် မူတည်ပြီးတော့ ကျွန်တော် ဆောင်ရွက်ရတဲ့ကိစ္စများလည်း ရှိပါတယ်။ နောက်ထပ် ကျွန်တော်တို့က ဒီဘဏ္ဍာငွေ ခွင့်ပြု

နိုင်ဖို့ကိုပဲ ကျွန်တော်တို့ နှစ်စဉ်တင်ပြပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီ B.O.T ကုမ္ပဏီများကို B.O.T စနစ် ပေးဖို့ကိစ္စကတော့ မဖြစ်နိုင်ကြောင်း ကျွန်တော် ပြန်လည် ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အကျဉ်းထောင်ဆိုင်ရာ ဥပဒေအသစ်ရေးဆွဲဖို့ကိစ္စ ရှိပါတယ်။ ရေးဆွဲတဲ့ ဟာက ခုနက ခေတ်မမီတော့တာရယ်၊ မပြည့်စုံတော့တာရယ်ကြောင့်မို့လို့ လွှတ်တော်က ပြန်ပြီးတော့ ပေးပို့ထားတာရှိပါတယ်။ အဲဒီတော့ ဒီဥပဒေမှာ ပြန်ပြီးတော့ ပြည့်ပြည့်စုံစုံ ပြုစုပြီးမှ စနစ်တစ်ခုလုံး ပြောင်းပြန်လှန်ပြီးတော့ ပြန်လုပ်လို့ရမယ့်အနေအထား ရှိပါတယ်။

**အမျိုးသားလွှတ်တော် သတ္တုသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် သက်တမ်းကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း**

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် သတ္တုသယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် သက်တမ်းကာလအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေး ရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု အမျိုးသားလွှတ်တော် သတ္တုသယံဇာတနှင့်ပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၄။**

**ဦးလှဆွေ(ဥက္ကဋ္ဌ၊ သတ္တုသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် သတ္တုသယံဇာတနှင့်ပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် သက်တမ်းကာလအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို သဘောတူလက်ခံပေးပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူ ပါမယ်။ အမျိုးသား လွှတ်တော် သတ္တုသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် သတ္တုသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်းကြေညာပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် သက်တမ်းကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း**

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် သက်တမ်းကာလအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆို တင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဦးခင်မောင်ရီ (ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သက်တမ်းကာလအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဤလွှတ်တော်ကြီးမှ သဘောတူ လက်ခံပေးပါရန် လေးစားစွာ အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ။** ။ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထား ရယူပါမယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် သက်တမ်းကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာ ကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် သက်တမ်းကာလအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ ထားပါတယ်။

ယခု ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၄၇။**

**ဦးဌေးမောင် (အဖွဲ့ဝင်၊ ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာ ကော်မတီ)**။ ။ အားလုံး မင်္ဂလာပါ။ ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ဆုတောင်းဂါရဝပြုအပ်ပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာကော်မတီ ပထမအကြိမ် လွှတ်တော်သက်တမ်းအတွင်း ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ကော်မတီရဲ့ တာဝန်ပေးချက်အရ မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကော်မတီဝင်လည်းဖြစ်တဲ့ ဦးဌေးမောင် က ဖတ်ကြားတင်သွင်းမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်**

**ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာကော်မတီ**

**ပထမအကြိမ် လွှတ်တော်သက်တမ်းအတွင်း ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ**

**နိဒါန်း**

၁။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် စိတ်ပိုင်း၊ ရုပ်ပိုင်းဘက်စုံ ဖွံ့ဖြိုးတိုးတက်မှသာ ပြည့်စုံသည့် ဖွံ့ဖြိုးတိုးတက်မှုကို ပိုင်ဆိုင်နိုင်မည်ဖြစ်ပါသည်။ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် လူ့စွမ်းအားအရင်းအမြစ်သည် မရှိမဖြစ်အလွန် လိုအပ်ပါသည်။ နိုင်ငံတော်အတွက် အရေးပါသော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်များဖြစ်သည့် ကျန်းမာရေး၊ ပညာရေး အခြားလူမှုလိုအပ်ချက်ကဏ္ဍများသည် အဓိကအချက်ကြီးများ ဖြစ်ပါသည်။ သို့ဖြစ်ရာ ရုပ်ပိုင်း၊ စိတ်ပိုင်း ဘက်စုံဖွံ့ဖြိုးရေးအတွက်လိုအပ်သော ကော်မတီတစ်ရပ်အနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာကော်မတီအား ဖွဲ့စည်းဆောင်ရွက်စေခဲ့ပါသည်။

**ရည်ရွယ်ချက်**

၂။ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ကုလသမဂ္ဂ၏ ထောင်စုနှစ် ရည်မှန်းချက်ပန်းတိုင်များ၊ အာဆီယံ၏ ရည်မှန်းချက်ပန်းတိုင်များနှင့် နိုင်ငံတော်၏

ရည်မှန်းချက်ပန်းတိုင်များ၊ ပြည့်မီရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ဤသို့ဆောင်ရွက်ရာတွင် လွှတ်တော်ရေးရာကော်မတီတစ်ခု အနေဖြင့် နိုင်ငံတော်မှဆောင်ရွက်လျက်ရှိသည့် ရည်မှန်းချက်များနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအား အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရန်အလို့ငှာ လိုအပ်သော ဥပဒေများ ပြဋ္ဌာန်းနိုင်ရေး၊ လိုအပ်သောရပ်ဝန်းပစ္စည်းများ ပံ့ပိုးဖြည့်ဆည်းပေးနိုင်ရေးတို့ကို လေ့လာ သုံးသပ်ပြီး ဆွေးနွေးတောင်းဆိုရမည်ဖြစ်ပါသည်။ လိုအပ်ချက်အရ အစိုးရ၊ အရပ်ဖက် အဖွဲ့အစည်း၊ ပြည်သူလူထုတို့ဖြင့် လက်တွဲပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတော်၏ ရည်မှန်းချက်များ ပြည့်မီ အောင် ဆောင်ရွက်နိုင်ရေး ရည်ရွယ်ပါသည်။

**ကော်မတီများဖွဲ့စည်းခြင်း**

၃။ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၄၊ ဥပဒေ ၇၉ နှင့် အမျိုးသားလွှတ်တော် အစည်း အဝေး၏ ဆုံးဖြတ်ချက်အရ

(၁) ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီကို ကော်မတီဝင် (၇)ဦးဖြင့် လည်းကောင်း၊

(၂) အမျိုးသမီးနှင့် ကလေးသူငယ်များဆိုင်ရာ ကော်မတီကို အဖွဲ့ဝင်(၉)ဦးဖြင့် လည်း ကောင်း ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပါသည်။

၄။ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ဒုတိယအကြိမ် ကော်မတီနှစ်ခုစလုံးကို လည်း ကောင်း၊ ၂၀၁၂ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့တွင် တတိယအကြိမ်အဖြစ် ကော်မတီ နှစ်ခုစလုံးကို လည်း ကောင်း၊ စတုတ္ထအကြိမ်အနေနဲ့ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် ကော်မတီ နှစ်ခုစလုံးကို လည်းကောင်း၊ ပဉ္စမအကြိမ်အနေဖြင့် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့တွင် ကော်မတီ နှစ်ခုစလုံးကို လည်းကောင်း အဖွဲ့ဝင်(၁၅)ဦးစီဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ဆဋ္ဌမအကြိမ်တွင် ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီးနှင့် ကလေးသူငယ်များဆိုင်ရာ ကော်မတီ ဟု ပေါင်းစည်းဖွဲ့စည်းပြီး ကော်မတီဝင် (၁၀)ဦးဖြင့် ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့တွင် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

၅။ ထိုအချိန်တွင် ဥက္ကဋ္ဌအဖြစ် ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး ဦးဘိုးရယ်၊ ကယားပြည်နယ်အမှတ်(၃)မှ အတွင်းရေးမှူး အဖြစ်ဆောင်ရွက်ခဲ့ပါ သည်။

ကော်မတီ၏ လုပ်ငန်းတာဝန်များ၊ ကော်မတီရဲ့လုပ်ပိုင်ခွင့်နဲ့ ကော်မတီရဲ့ ရပိုင်ခွင့်များကို လွှတ်တော်ကိုယ်စားလှယ်များလက်ထဲတွင် ဖြန့်ဝေပြီးဖြစ်တဲ့အတွက်ကြောင့် ဖတ်ကြားတင်ပြမှု မပြု တော့ပါ။

**ကော်မတီ၏ ဆောင်ရွက်ချက်များ**

၉။ ပထမအကြိမ် ကော်မတီသက်တမ်း (၅)နှစ်အတွင်း ကော်မတီအစည်းအဝေး (၄၈)ကြိမ် ပြုလုပ်ခဲ့ပါသည်။

**အစီရင်ခံစာများတင်သွင်းခြင်း**

၁၀။ ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှု ဆိုင်ရာကော်မတီ၏ အကြံပြု တင်ပြချက်အစီရင်ခံစာကို စတုတ္ထပုံမှန်အစည်းအဝေး ၂၁-၈-၂၀၁၂ ရက်နေ့တွင်လည်းကောင်း၊ အမျိုးသမီးနှင့်ကလေးသူငယ်ဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ၃-၉-၂၀၁၂ ရက်နေ့တွင်လည်းကောင်း အမျိုးသားလွှတ်တော်သို့ တင်ပြနိုင်ခဲ့ပါသည်။

အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာ ကော်မတီအဖွဲ့ဝင်များ ပြုစုရေးသားသော စာတမ်းကို ၅-၉-၂၀၁၂ ရက်နေ့တွင်လည်းကောင်း၊ UK နိုင်ငံ အမျိုးသမီးများနှင့် တွေ့ဆုံရေး ဆွေးနွေးပွဲ အစီရင်ခံစာကိုလည်းကောင်း ကော်မတီမှ ကလေးသူငယ်များအခွင့်အရေးနှင့် ပတ်သက်သည့် ဆွေးနွေးပွဲ အတွေ့အကြုံ အစီရင်ခံစာများကိုလည်းကောင်း တင်သွင်းနိုင်ခဲ့ပါသည်။

အစိုးရပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခြင်းနှင့် ခရီးစဉ်များကို လွှတ်တော်ကိုယ်စားလှယ်များ၏ လက်ထဲတွင် ဖြန့်ဝေပြီး ဖြစ်တဲ့အတွက်ကြောင့် ဖတ်ကြားတင်ပြမှု မပြုတော့ပါ။

နိုင်ငံတော်မှ တစ်နှစ်ထက်တစ်နှစ် ပညာရေးနှင့် ကျန်းမာရေး၊ လူမှုရေးကဏ္ဍများအလိုက် လိုအပ်သော ဥပဒေများ ပြဋ္ဌာန်းပေးနိုင်ခဲ့ပြီး ကဏ္ဍတိုင်းအတွက် ဘတ်ဂျက်ကို တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်ခွင့်ပြုထားသည်ကို တွေ့ရှိရပါသည်။ ပညာရေးသည် အခမဲ့ပညာရေး၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်း အားလုံး အခမဲ့ပညာရေးကို အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ အမျိုးသားပညာရေး ဥပဒေကိုလည်း ပြဋ္ဌာန်းနိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။

**သုံးသပ်ချက်**

၂၇။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး မြင့်မားစေရန်အတွက် ကျန်းမာရေး၊ ပညာရေးနှင့် အခြားသောလူမှုရေး ဝန်ဆောင်မှုများကို ထိရောက်စွာဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာမှုများတဲ့အတွက် ကောင်းကျိုးအဖြာဖြာကို ဆောင်ကြဉ်းပေးနိုင်မည့် နိုင်ငံတော်နှင့် နိုင်ငံသားတို့အပေါ် သစ္စာရှိသော လူကောင်းလူတော်များ ပေါ်ထွန်းလာမည် ဖြစ်ပါသည်။

**အကြံပြုချက်**

၂၈။ ကော်မတီသို့ အနယ်နယ်အရပ်ရပ် ပြည်သူလူထုများထံမှ ရံဖန်ရံခါမဖြေရှင်းနိုင်သော ပြဿနာများကို ကူညီဖြေရှင်းပေးရန် တောင်းခံလာခြင်းများရှိပါသည်။ ယင်းကိစ္စကို ပြန်လည်စုံစမ်းမေးမြန်းစစ်ဆေးနိုင်ရန်အတွက် လိပ်စာနှင့် ဖုန်းနံပါတ်များပါ ထိုတောင်းဆိုချက်တွင် ထည့်သွင်းပေးနိုင်ပါရန် အကြံပြုအပ်ပါသည်။ ပညာရေးကဏ္ဍ အနေဖြင့် တိုင်းရင်းသားဘာသာစကား သင်ကြားရေးတွင် ဘာသာစကား၊ စာပေ၊ ကျွမ်းသူဆရာ၊ ဆရာမများ အခက်အခဲမရှိစေရန် ဆောင်ရွက်ပေးသင့်ပါသည်။ မူလတန်း၊ အလယ်တန်း၊ အထက်တန်း အခမဲ့ပညာရေးစနစ် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ရာ နိုင်ငံတော်အတွင်း တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စွန်နယ်ဖျားကျေးရွာများအထိ ရောက်ရှိ ပျံ့နှံ့အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ပါရန် အကြံပြုအပ်ပါသည်။

၂၉။ ကျေးလက်တောင်သူလယ်သမားနှင့် အခြားသောပြည်သူလူထုတို့အတွက် ကျေးလက်ဆေးပေး ခန်း၊ သက်ဆိုင်ရာ ဆေးဝါး၊ ဆေးဝန်ထမ်းများကို လုံလောက်စွာ ဖြည့်ဆည်းပေးသင့်သည်လို့ အကြံပြုအပ်ပါတယ်။ အချို့သောလုပ်ငန်းရှင်များသည် လူမှုဖူလုံရေးဝင်ရမည့် အလုပ်သမားဦးရေ အချိုးအစားပြည့်မီနေသော်လည်း လူမှုဖူလုံရေးကိစ္စ ဆောင်ရွက်မပေးသဖြင့် အလုပ်သမားများ လူမှုဖူလုံရေးခံစားခွင့်များ ရသင့်ပါလျက် မရရှိခြင်းများ တွေ့ရှိပါသည်။ နိုင်ငံတော်မှ အလုပ်ရှင်များအား ကြပ်မတ်၍ လုပ်သားထုရပိုင်ခွင့်များ မဆုံးရှုံးစေရေးအတွက် ပူးပေါင်းဆောင်ရွက်စေလိုကြောင်း အကြံပြုအပ်ပါသည်။

၃၀။ နိုင်ငံတော်မှ လိုအပ်သော အဖွဲ့အစည်းများဖြင့် ပူးပေါင်း၍ ပုဂ္ဂလိကဆေးရုံများ၏ ဆောင်ရွက်ချက်များအား ညှိနှိုင်းဆောင်ရွက် ကြပ်မတ်ပေးနိုင်ပါရန် အကြံပြုအပ်ပါသည်။ လူကုန်ကူးခံရသူများ မမျှော်လင့်ဘဲ ဘဝပျက်သွားသူများအား နိုင်ငံတော်မှထိုက်သင့်သော အရင်းအနှီးဖြင့် ၎င်းတို့၏ဘဝ ယခုထက် ပိုမိုမြှင့်တင်ပေးနိုင်ပါရန် အကြံပြုအပ်ပါသည်။

၃၁။ ကလေးသူငယ်အခွင့်အရေးနှင့်ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ်-၁၆၁၂ နှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်ပုဒ်မ (၉၃) (၁၂၉)တို့အရ ကျူးလွန်သူများအား ထိရောက်ပြတ်သားစွာ အရေးယူသင့်ကြောင်း အကြံပြုအပ်ပါသည်။ ကလေးသူငယ်အခွင့်အရေးများကို ပီပြင်ပြတ်သားစွာ အကောင်အထည်ဖော်နိုင်ရေးအတွက် (လူဦးရေထူထပ်သော)မြို့နယ်များတွင် ကလေးတရားရုံးနှင့် ကလေးတရားသူကြီးများကို တိုးမြှင့်ခန့်ထားပေးနိုင်ပါရန် အကြံပြုအပ်ပါသည်။

**နိဂုံး**

၃၂။ လွှတ်တော်ရေးရာကော်မတီများသည် နိုင်ငံတော်၏ ဥပဒေပြုမဏ္ဍိုင် အဖွဲ့အစည်းများဖြစ်သည့်အားလျော်စွာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လွန်စွာအရေးကြီးသော လူ့စွမ်းအားအရင်းအမြစ်ကို အထောက်အကူပြုရုံမျှမက အဓိကအရေးကြီးသော အခြေခံကဏ္ဍတစ်ခု ဖြစ်ပါသည်။ ထောင်စုနှစ် စီမံကိန်းပန်းတိုင်များ၊ အာဆီယံအသိုက်အဝန်း၏ ရည်မှန်းချက်ပန်းတိုင်များ နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်များ၊ ပြည့်မီပြီးမြောက်နိုင်ရေးအတွက် အစိုးရပြည်တွင်းပြည်ပအဖွဲ့အစည်း အသီးသီးဖြင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ကြရပါမည်။ လိုအပ်သောဥပဒေ၊ နည်းဥပဒေများကို ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် ခိုင်မာပြည့်စုံစေမည့် ဥပဒေကောင်းများပေါ်ထွန်းလာနိုင်မည်ဖြစ်ရာ၊ ဤကော်မတီအနေဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသော လူ့စွမ်းအားအရင်းအမြစ်များ ရှင်သန်မြင့်မားရေးအတွက် အစိုးရပြည်တွင်းပြည်ပ အဖွဲ့အစည်းအားလုံးနှင့်လိုအပ်သလို ပူးပေါင်းညှိနှိုင်းဆောင်ရွက်၍ တာဝန်ကျေပွန်စေမည်ဖြစ်ကြောင်း တင်ပြအစီရင်ခံအပ်ပါသည်။

ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီးနှင့်ကလေးသူငယ်ဆိုင်ရာကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၅၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီးနှင့် ကလေးသူငယ် ဆိုင်ရာကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်းပြီး ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၆)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၂၇)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၅၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၆) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသား လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၇) ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြိုတင်အသိပေးမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၆)ရက်မြောက် နေ့ကို ၁၁း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]